**Oji Group ၏ Supply Chain စဉ်ဆက်မပြတ်ရေး လုပ်ဆောင်မှုမူဝါဒ**

၂၀၀၇ ခုနှစ် ၄ လ ၁ ရက်နေ့တွင် အတည်ပြုခြင်း

၂၀၁၂ ခုနှစ် ၁၀ လ ၁ ရက်နေ့တွင် ပြင်ဆင်ခြင်း

၂၀၁၈ ခုနှစ် ၁၂ လ ၁ ရက်နေ့တွင် ပြင်ဆင်ခြင်း

၂၀၂၄ ခုနှစ် ၂ လ ၂၆ ရက်နေ့တွင် ပြင်ဆင်ခြင်း

[အခြေခံကျသော အယူအဆ]

Oji Group သည် [Supply Chain စဉ်ဆက်မပြတ်ရေး လုပ်ဆောင်မှုမူဝါဒ] ကို သတ်မှတ်ပြဋ္ဌာန်းကာ ပစ္စည်းတင်သွင်းသူများအား ဤကုမ္ပဏီ၏ အယူအဆကို ပြောပြကာ အောက်ပါ သတ်မှတ်ထားသော အချက်များကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးပေးပါရန် တောင်းဆိုအပ်ပါသည်။

[စီးပွားရေးလုပ်ဖော်ကိုင်ဖက် လူကြီးမင်းတို့ထံ ပန်ကြားချက်]

Oji Group သည် Supply Chain မှ စီးပွားရေးလုပ်ဖော်ကိုင်ဖက် လူကြီးမင်းတို့ကို အောက်ပါအချက်များ ကျင့်သုံးဆောင်ရွက်ပေးပါရန် ပန်ကြားလိုပြီး စီးပွားရေးလုပ်ဖော်ကိုင်ဖက် လူကြီးမင်းတို့နှင့် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့အပြင် လူကြီးမင်းတို့၏ Supply Chain တွင်လည်း အလားတူ ထည့်သွင်းစဉ်းစားပေးစေလိုပါသည်။

(၁) ဥပဒေနှင့် ပြည်သူ့ကျင့်ဝတ်များကို လေးစားလိုက်နာခြင်း၊ တရားမျှတစွာ ရောင်းဝယ်ဖောက်ကားခြင်းနှင့်တကွ အဂတိလိုက်စားမှု တိုက်ဖျက်တားဆီးခြင်း

၁။ သက်ဆိုင်ရာ ဥပဒေများနှင့် နိုင်ငံတကာ သဘောတူညီချက် စသည်တို့ကို လေးစားလိုက်နာရေး

၂။ တရားမျှတစွာ ရောင်းဝယ်ဖောက်ကားရေးနှင့်တကွ အဂတိလိုက်စားမှု တိုက်ဖျက်တားဆီးရေးကို

ကြပ်မတ်ဆောင်ရွက်ရေး

၃။ ထုတ်ကုန်နှင့် ဝန်ဆောင်မှု စသည်တို့၏ သင့်လျော်သော အရည်အသွေးကို ထိန်းသိမ်းရေး

(၂) သဘာဝပတ်ဝန်းကျင်အရေး ထည့်သွင်းစဉ်းစားခြင်း

စီးပွားရေးကိစ္စရပ်များတွင် ဒေသခံလူထုနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်းနှင့် အခြားသော သဘာဝပတ်ဝန်းကျင်ပြဿနာများအပေါ် သက်ရောက်မှုအရေးကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပြီး စွမ်းအင်၊ ရေနှင့် အခြားသဘာဝရင်းမြစ်များ သုံးစွဲမှုပမာဏနှင့်တကွ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့နှင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုပမာဏတို့ လျှော့ချရေးကို ကြိုးပမ်းဆောင်ရွက်ခြင်းနှင့်အတူ သစ်တောထိန်းသိမ်းရေး စသည်တို့ဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ရေရှည်အနေဖြင့် ကာဗွန်ပြုပြင်ခြင်း (Carbon Fixation) တို့ကို တိုက်တွန်းအားပေးရမည်။

၁။ သဘာဝပတ်ဝန်းကျင် စီမံထိန်းသိမ်းရေးစနစ် အားကောင်းရေး

၂။ စွန့်ပစ်ပစ္စည်း ထွက်ရှိမှုပမာဏ လျှော့ချရေးနှင့် သဘာဝရင်းမြစ်များ အကျိုးရှိစွာ သုံးစွဲရေး

၃။ ရာသီဥတုပြောင်းလဲမှုအရေးကို တုံ့ပြန်ဖြေရှင်းရေး

(စွမ်းအင်ထိန်းသိမ်းရေး စသည်တို့ဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ လျှော့ချခြင်း၊ သစ်တောထိန်းသိမ်းရေး စသည်တို့ဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူခြင်းနှင့် ရေရှည်အနေဖြင့် ကာဗွန် ပြုပြင်ခြင်း (Carbon Fixation) ကို တိုက်တွန်းအားပေးခြင်း)

၄။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး

၅။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျှော့ချရေး

၆။ ဓာတုပစ္စည်းများ စီမံထိန်းချုပ်ရေး

၇။ ရေအရင်းအမြစ် စီမံထိန်းချုပ်ရေး

(၃) လူထုအရေး ထည့်သွင်းစဉ်းစားခြင်း

၁။ လူ့အခွင့်အရေးကို လေးစားလိုက်နာရမည် ဖြစ်ပြီး ခွဲခြားဆက်ဆံမှု၊ အနိုင်ကျင့်နှောင့်ယှက်မှုမျိုးစုံနှင့် ကိုယ်ထိလက်ရောက် ဒဏ်ပေးခြင်း အပါအဝင် ညှဉ်းပန်းနှိပ်စက်အကြမ်းဖက်ခြင်း စသော လူမဆန်စွာ ဆက်ဆံမှုများကို တားမြစ်ရေး

၂။ ဝန်ထမ်းများကို အဓမ္မအလုပ်ခိုင်းစေမှုနှင့် ကလေးလုပ်သားများ ခိုင်းစေမှုကို တားမြစ်ရေးနှင့်အတူ အလုပ် လုပ်နိုင်သော အနိမ့်ဆုံး အသက်အရွယ်သို့ပင် မရောက်သေးသည့် ကလေးသူငယ်များအား အလုပ်ခန့်အပ်မှုကို တားမြစ်ရေး

၃။ အလုပ်ခန့်အပ်ရာတွင် ကျား/မ၊ လူမျိုး၊ ဘာသာ စသည်တို့ဖြင့် ခွဲခြားဆက်ဆံမှုကို တားမြစ်ရေး

၄။ တရားဝင် အနိမ့်ဆုံး လစာလုပ်ခထက် ပိုသော လစာလုပ်ခ ရရှိစေရေး

၅။ ဝန်ထမ်းများ၏ အလုပ်သမားသမဂ္ဂ ဖွဲ့စည်းပိုင်ခွင့်နှင့် အလုပ်ရှင်အလုပ်သမားသမဂ္ဂညှိနှိုင်းခွင့်ကို လေးစားလိုက်နာရေး

၆။ တရားဝင် ကန့်သတ်ထားသည့် အလုပ်လုပ်ချိန်ကို လေးစားလိုက်နာရမည် ဖြစ်ပြီး အချိန်ကြာမြင့်စွာ အလုပ်လုပ်ခြင်းကို တိုက်ဖျက်တားဆီးရေး

၇။ ဝန်ထမ်းများအတွက် လုံခြုံဘေးကင်း၍ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးတို့နှင့် ညီညွတ်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို စီစဉ်ပေးရေး

၈။ Supply Chain အပါအဝင် လုံခြုံဘေးကင်းရေးနှင့် ကျန်းမာသန့်ရှင်းရေးကို တိုက်တွန်းအားပေးရေး

၉။ ဒေသနှင့် လူထုအကျိုး သယ်ပိုးရေး

(၄) လူထုနှင့် ဆက်သွယ်ပြောဆိုခြင်း

၁။ အစုရှယ်ယာရှင်များနှင့် ဆက်သွယ်ပြောဆိုပြီး ယုံကြည်မှုရှိသော ဆက်ဆံရေးတစ်ရပ် ထူထောင်ရေး

၂။ ပင်လယ်ရပ်ခြားနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေးစားလိုက်နာရေး

၃။ သင့်တော်သော သတင်းအချက်အလက်များကို ထုတ်ပြန်ရေးနှင့် အကာအကွယ်ပေးရေး

* [Oji Group ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖြစ်သော ပစ္စည်းဝယ်ယူဖြည့်တင်းရေးမူဝါဒ] မှနေ၍ [Oji Group ၏ Supply Chain စဉ်ဆက်မပြတ်ရေး လုပ်ဆောင်မှု မူဝါဒ] ဟူ၍ အမည် ပြောင်းခြင်း

* ဤလုပ်ဆောင်မှုမူဝါဒသည် Oji Group မှ ဝယ်ယူဖြည့်တင်းနေသော ကုန်ကြမ်းအားလုံးအတွက် အကျုံးဝင်သည်။ သစ်တောထွက်ကုန်ကြမ်းနှင့် ပတ်သက်၍ [သစ် တောထွက်ကုန်ကြမ်းများ ဝယ်ယူဖြည့်တင်းရေးမူဝါဒ] ကို သီးခြား ပြဋ္ဌာန်းထားသည်။

* သဘာဝပတ်ဝန်းကျင်နှင့် လူထုအရေး ထည့်သွင်းစဉ်းစားထားသော စဉ်ဆက်မပြတ် ဝယ်ယူဖြည့်တင်းရေးကို ဆောင်ရွက်ရန် ထိရောက်စွာ တိုက်တွန်းအားပေးရေးအတွက် အလျဉ်းသင့်သလို လေ့လာစောင့်ကြည့်သွားမည် ဖြစ်ပါသည်။

ပြီးပါပြီ။